# အလုပ်လက်မဲ့ဆိုင်ရာအာမခံ

**Desk လမ်းညွှန်စာအုပ် - UI အကျိုးခံစားခွင့်များနှင့် နောက် ထပ်လုပ်ဆောင်ရမည့်ခြေလှမ်းများအတွက် လျှောက်ထား ပါ။**

WISCONSIN DWD Department of Workforce Development

## ➡ ကျွန်ုပ်အနေဖြင့် မည်သည့်အချိန်တွင် လျှောက်ထားသင့်ပါ သနည်း။

- ပထမဆုံးအလုပ်ဝင်သည့်အပတ်တွင် သင် အလုပ်လက်မဲ့ဖြစ် သွားသောအခါ သို့မဟုတ် ပထမဆုံးအလုပ်ဝင်သည့် အပတ် တွင် သင့်အနေဖြင့် နာရီအနည်းငယ်သာ အလုပ်လုပ်ရသော အခါ အလုပ်လက်မဲ့အာမခံ (UI) ဆိုင်ရာ အကျိုးခံစားခွင့်များ အတွက် လျှောက်ထားပါ။

## ➡ ကျွန်ုပ်အနေဖြင့် အွန်လိုင်းမှတဆင့် လျှောက်ထားနိုင်ရန် မည် သည့်နေရာကို သွားရမည်နည်း။

- **my.unemployment.wisconsin.gov**

လျှောက်လွှာတင်သည့်လုပ်ငန်းစဉ်သည် မိနစ် 30 မှ 45 မိနစ်ခန့်ကြာမြင့်ပါသည်။ သင်၏လျှောက်လွှာတင်နေဆဲ အခြေအနေကို သင် သိမ်းထားနိုင်ပြီး နောက်ပိုင်းတွင်မှ လျှောက်လွှာကို အပြီးဖြည့်နိုင်ပါသည်။

## ➡ ကျွန်ုပ်အနေဖြင့် အွန်လိုင်းမှတဆင့် လျှောက်ထားနိုင်ရန် မည် သည့်အရာများကို ကျွန်ုပ်လိုအပ်ပါသနည်း။

☑ အသုံးပြုသူအမည်တစ်ခု နှင့် စကားဝှက်တစ်ခု။

☑ အထောက်အထားစိစစ်ခြင်းနည်းလမ်း (ဖုန်းနံပါတ် သို့မဟုတ် အထောက်အထားစိစစ်ရေးအက်ပ်)။

- ဤအဆင့်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်၏အထောက် အထားကို အတည်ပြုရန် လိုအပ်နိုင်သည်။ သင်၏ အထောက်အထားကို အတည်ပြုရန်လိုအပ်ပါက သင်၏ အထောက်အထားကို အတည်မပြုနိုင်မချင်း တောင်းဆိုမှုတင်သွင်းနိုင်မည် မဟုတ်ပါ။

☑ တရားဝင်အီးမေးလ်လိပ်စာတစ်ခု သို့မဟုတ် မိုဘိုင်းဖုန်းနံ ပါတ် တစ်လုံး။

☑ သင်၏လက်ရှိလိပ်စာ။

☑ သင်၏လူမှုဖူလုံရေးနံပါတ်။

☑ သင်၏ Wisconsin ပြည်နယ်တွင်းရှိယာဉ်မောင်းလိုင်စင် သို့မဟုတ် သက်သေခံကတ်ပြားနံပါတ် (သင့်တွင် တစ်ခုခု ရှိပါက)။

☑ အောက်ပါအချက်များအပါအဝင် ပြီးခဲ့သည့် 18 လ တွင် သင်အလုပ်လုပ်ခဲ့သည့်မှတ်တမ်း

- အလုပ်ရှင်များ၏ စီးပွားရေးလုပ်ငန်းအမည်များ။
- အလုပ်ရှင်များ၏လိပ်စာများ (စာတိုက်ကုဒ်အပါအဝင်)။
- အလုပ်ရှင်များ၏ ဖုန်းနံပါတ်များ
- အလုပ်ရှင်တစ်ဦးချင်းနှင့်အတူ လက်တွဲအလုပ်လုပ်ခဲ့သည့် ပထမဆုံးရက်နှင့် နောက်ဆုံးရက်များ။
- အလုပ်ရှင်တစ်ဦးစီတိုင်းနှင့် အလုပ်မလုပ်ရသည့် အကြောင်းရင်း။

☑ ဘဏ်သို့တိုက်ရိုက်အာမခံသွင်းငွေ၊ သင့်ဘဏ်မှပေးထား သော ဂဏာန်းကိုးလုံးပါသည့်နံပါတ်နှင့် သင့်အကောင့် နံပါတ်တို့ဖြင့် UI အကျိုးခံစားခွင့်များဆိုင်ရာပေးဆောင်မှု များကို သင် ရယူလိုပါက။ ရယူလိုပါက။

☑ အကယ်၍ သင်သည် သမဂ္ဂအဖွဲ့ဝင်တစ်ဦးဖြစ်ပါက သင်၏ သမဂ္ဂခန်းမအမည်နှင့် ဒေသဆိုင်ရာနံပါတ်

☑ အကယ်၍ သင်သည် အမေရိကန်နိုင်ငံသားတစ်ဦး **မဟုတ်ပါ က** သင်၏ နိုင်ငံခြားသားမှတ်ပုံတင်နံပါတ်၊ စာရွက်စာတမ်း နံပါတ်နှင့် သက်တမ်းကုန်ဆုံးရက်။

☑ သင်သည် ပြီးခဲ့သည့် 18 လအတွင်း စစ်တပ်တွင် အမှုထမ်းခဲ့ ပါက DD-214 ကို ဖောင်ဖြည့်ပါ (UI တောင်းဆိုသူဆိုင်ရာ လက်စွဲစာအုပ်ကို ကြည့်ပါ)။

☑ အကယ်၍ သင်သည် ဖက်ဒရယ်အရပ်သားဝန်ထမ်းတစ်ဦး ဖြစ်ပါက SF-50 သို့မဟုတ် SF-8 ကို ဖောင်ဖြည့်ပါ။

## ➡ ကျွန်ုပ်လျှောက်ထားပြီးနောက် နောက်ထပ်လုပ်ဆောင်ရမည့် ခြေလှမ်းများမှာ မည်သည့်အရာများဖြစ်သနည်း။

- သင်၏တောင်းဆိုမှုကို စတင်ခြင်းသည် ပထမဆုံးခြေလှမ်း ဖြစ်သည်။ ပေးဆောင်မှုများကို လက်ခံရရှိနိုင်ရန် သင်သည် အလုပ်လက်မဲ့ဖြစ်နေသော အပတ်တိုင်းအတွက် **အပတ်စဉ် တောင်းဆိုချက်တစ်ခုကို** my.unemployment.wisconsin.gov ထံသို့ **တင်သွင်းရပါမည်။**

- အကယ်၍ သင့်အား **အလုပ်အကိုင်အတွက် မှတ်ပုံတင်စာ ရင်းသွင်းရန် တောင်းဆိုထားပါက** UI အကျိုးခံစားခွင့်များ အတွက် သင်၏လျှောက်လွှာကို အပြီးဖြည့်ပြီးသည့်နေ့မှစ၍ 14 ရက်အတွင်း မှတ်ပုံတင်စာရင်းသွင်းရပါမည်။ နောက်ထပ်အချက်အလက်များကို သိရှိနိုင်ရန်အတွက် **လမ်းညွှန်စာအုပ်၏နောက်ဖက်ခြမ်းကို ကြည့်ပါ။**
**<u>သင် မှတ်ပုံတင်စာရင်းသွင်းမပြီးမချင်းနှင့် သင်၏ကိုယ်ရေး အကျဉ်းကို မဖြည့်သွင်းပြီးမချင်း UI အကျိုးခံစားခွင့်များကို သင့်ထံပေးဆောင်မည်မဟုတ်ပါ။</u>**

- သင်၏တောင်းဆိုမှုနှင့်ပတ်သက်သည့် နောက်ဆုံးအပ်ဒိတ် ဖြစ်နေသည့် အချက်အလက်များကိုသိရှိနိုင်ရန်အတွက် **my.unemployment.wisconsin.gov** ရှိ သင်၏ My UI ပင်မစာမျက်နှာကို စစ်ဆေးပါ။ ဘဏ်သို့ တိုက်ရိုက်အာမခံ သွင်းငွေအတွက်လည်း သင်အမည်စာရင်းသွင်းနိုင်ပါသည်၊ အလုပ်ရှင်မှနေ၍ သင်၏ လစာထဲမှနုတ်ယူထားသော အခွန် ငွေပမာဏများကိုလည်း သင်အပ်ဒိတ်လုပ်နိုင်ပါသည်၊ ဝင်ငွေ စိစစ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် ပေးဆောင်ထား သော အကျိုးခံစားခွင့်များ၏ တရားဝင်အနှစ်ချုပ်စာတစ် စောင်ကိုလည်း သင် ပုံနှိပ်ထုတ်ဝေနိုင်ပါသည်။

*အလုပ်အကိုင်အတွက် မည်သို့ မှတ်ပုံတင်စာရင်းသွင်းရမည် နည်းနှင့် ပတ်သက်သည့် နောက်ထပ်အချက် အလက်များကို သိရှိနိုင်ရန်အတွက် လမ်းညွှန်စာအုပ်၏ နောက်ဖက်ခြမ်းကို ကြည့်ပါ။*

# WISCONSIN ပြည်နယ် အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း

## အလုပ်အကိုင်အတွက် မဖြစ်မနေ မှတ်ပုံတင်စာရင်းသွင်း ခြင်း

JOB CENTER of WISCONSIN

အကယ်၍ သင်အား **အလုပ်အကိုင်အတွက် မှတ်ပုံတင်စာ ရင်းသွင်းရန် တောင်းဆိုထားပါက** UI အကျိုးခံစားခွင့်များ အတွက် သင်၏လျှောက်လွှာကို အပြီးဖြည့်ပြီးသည့်နေ့မှစ၍ 14 ရက်အတွင်း မှတ်ပုံတင်စာရင်းသွင်းရပါမည်။

**➡ မှတ်ပုံတင်စာရင်းသွင်းရန်အတွက် ကျွန်ုပ် မည်သည့်နေရာသို့ သွားရမည်နည်း။**

- **JobCenterofWisconsin.com/ui**

**➡ အလုပ်လက်မဲ့ဖြစ်ခြင်းအတွက် လျှောက်ထားရာတွင် ကျွန်ုပ် အသုံးပြုခဲ့သည့် တူညီသောအကောင့်အမည်နှင့် လျှို့ဝှက်စကားလုံးအတွဲကို ကျွန်ုပ်အသုံးပြုနိုင်ပါသလား။**

- အသုံးပြုနိုင်ပါတယ်။.

**➡ မှတ်ပုံတင်စာရင်းသွင်းရန်နှင့် ကိုယ်ရေးအကျဉ်းကို ဖြည့်ရန် ကျွန်ုပ်အတွက် အချိန်မည်မျှကြာမည်ဖြစ်ပါသနည်း။**

- မှတ်ပုံတင်စာရင်းသွင်းရန် 15 မိနစ်ခန့်နှင့် ကိုယ်ရေးအကျဉ်း ကို ဖြည့်ရန် 45 မိနစ် မှ 60 မိနစ်ခန့် ကြာမြင့်မည်ဖြစ်သည်။

**➡ မှတ်ပုံတင်စာရင်းသွင်းရန်နှင့် ကိုယ်ရေးအကျဉ်းကို ဖြည့်ရန် ကျွန်ုပ်အနေဖြင့် မည်သည့်အရာများကို လိုအပ်ပါသနည်း။**

☑ လူမှုဖူလုံရေးကိုယ်ပိုင်နံပါတ်။

☑ မွေးသက္ကရာဇ်။

☑ တရားဝင်အီးမေးလ်လိပ်စာတစ်ခု။

☑ သင်၏ လက်ရှိကိုယ်ရေးအကျဉ်း **သို့မဟုတ်**

  ☑ ပြီးခဲ့သည့် 10 နှစ်အတွင်း သင့်အလုပ်ရှင်အားလုံး၏ အမည် များနှင့် လိပ်စာများ၊ အလုပ်ရှင်တစ်ဦးချင်းစီတွင် အလုပ်စ ဝင်ခဲ့သည့်ရက် နှင့် အလုပ်လုပ်ခဲ့သည့်နောက်ဆုံးရက် နှင့် သင့်အလုပ်တာဝန်များ။

  ☑ သင်တက်ရောက်ခဲ့သော စာသင်ကျောင်းများ၏ အမည်များ နှင့် ရရှိခဲ့သော ဘွဲ့ဒီဂရီများ။

  ☑ သင့်လုပ်ငန်းအတွေ့အကြုံကိုအကျဉ်းချုပ်ဖော်ပြထားသည့် သင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာအနှစ်ချုပ် နှင့် တစ် နည်းအားဖြင့် အလုပ်ရှင်မှ လွတ်သွားကောင်းလွတ်သွားနိုင် သည့် သင့်နောက်ကြောင်းရာဇဝင်နှင့် ပတ်သက်သည့် အ ချက်အလက်များကို မီးမောင်းထိုးပြထားသည့် အသက်မွေး ဝမ်းကြောင်းဆိုင်ရာအနှစ်ချုပ်

  ☑ သင်ပိုင်ဆိုင်သည့် အရည်အချင်းများနှင့်ပတ်သက်သည့် ပြီး ပြည့်စုံသောစာရင်းတစ်ခု။

**➡ လိုအပ်ချက်များကို ကျွန်ုပ်ပြီးမြောက်အောင်လုပ်ဆောင်ပြီး ကြောင်း ကျွန်ုပ် မည်သို့သိနိုင်မည်နည်း။**

- သင်၏ကိုယ်ရေးအကျဉ်းကို အောင်မြင်စွာဖြည့်ပြီးနောက် မက်ဆေ့ချ်တစ်ခုပေါ်လာမည်ဖြစ်သည်။ သင့်အား အတည်ပြု အီးမေးလ်တစ်စောင်ကိုလည်း ပေးပို့မည်ဖြစ်သည်။
- သင်၏ My JCW ဒက်ရှ်ဘုတ်တွင် သင်၏ လက်ရှိ အခြေအနေကိုလည်း သင် စစ်ဆေးနိုင်ပါသည်။.

DWD သည် တန်းတူအခွင့်အရေးပေးသည့် အလုပ်ရှင်တစ်ဦး နှင့် ဝန်ဆောင်မှုပေးသူတစ်ဦးဖြစ်သည်။ သင့်တွင် မသန်စွမ်းမှုတစ်ခုရှိနေပြီး အဆိုပါအချက်အလက်များကို ဖြည့်ရန်အတွက် အကူအညီလိုအပ်ပါက Wisconsin Relay Service ကို ရယူနိုင်ရန်အတွက် 7-1-1 ကိုခေါ်ဆိုပါ။ ကျေးဇူး ပြု၍ (414) 435-7069 ကို နှိပ်၍ အလုပ်လက်မဲ့ဆိုင်ရာ အာမခံဌာနခွဲကို ဆက်သွယ်ပါ သို့မဟုတ်  (844) 910-3661 တွင် အခြားဘာသာစကားသို့ ဘာသာပြန်ဆိုခြင်းအပါအဝင် အခြားဖော်မတ်ပုံစံတစ်ခုဖြင့် အချက်အလက်များကို တောင်း ဆိုနိုင်ရန်အတွက် ခေါ်ဆိုခအခမဲ့ဖြစ်သော ဖုန်းနံပါတ် (844) 910-3661 ကို ခေါ်ဆိုလိုက်ပါ

American Job Center ကွန်ရက်၏ ဂုဏ်ယူစရာကောင်းသော ပါတနာတစ်ဦး

*အွန်လိုင်းမှတဆင့် UI အကျိုးခံစားခွင့်များအတွက် လျှောက် ထားခြင်းနှင့်ပတ်သက်၍ နောက်ထပ်အချက်အလက်များကို သိရှိနိုင်ရန်အတွက် လမ်းညွှန်စာအုပ်၏နောက်ဘက်ခြမ်းကို ကြည့်ပါ။*